ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ (၂၉. ၃. ၂၀၁၈)
ရက်နေ့တွင် **ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
**ဦးစိုင်းထွန်းဉာဏ်** တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။အဆိုမှာ**"ရှမ်းပြည်နယ်စည်ပင် သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ"** အဆိုဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းဉာဏ်က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ **" ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်း မြင်သာမှုဆိုင်ရာ"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါ အတိုင်း ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ၏ ရည်ရွယ်ချက် (ဃ)တွင် အများပြည်သူများထံမှ ရရှိသည့် အခွန်အခများသည် အများပြည်သူ အကျိုးအတွက်သာဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်ရန်ဟု ဖော်ပြထားပါတယ်။

ပြည်သူများအနေဖြင့် ၎င်းတို့ထည့်ဝင်သော အကောက် ခွန်၊ အခွန်၊အခများဖြင့် မည်သည့်နေရာ၊ မည်သည့် ပမာဏ၊ မည်သည့်အရေအတွက်ဖြင့် ပြန်လည်ဆောင်ရွက်ပေးသည်ကို သိရှိသင့်ပါတယ်။ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆိုတင်သွင်း အပ်ပါတယ်-

(က) ရပ်ကွက်အလိုက် ကောက်ခံရရှိသော အခွန် အရပ်ရပ် ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက် ပြန်လည်ဆောင်ရွက်ပေးသော လုပ်ငန်းအရေ အတွက်၊ သုံးစွဲငွေပမာဏ အခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ် ကြော်ငြာ ကပ်ထားရန်။

( ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ် ကောက်ခံရရှိငွေပမာဏစာရင်းနှင့် မြို့နယ်အတွင်း ပြန်လည်ဆောင်ရွက်ပေးသော လုပ်ငန်းအရေ အတွက်၊ သုံးစွဲငွေပမာဏတို့ကို စည်ပင်သာယာရေး ရုံးရှေ့တွင်လည်းကောင်း၊ အများပြည်သူသက်ဆိုင် သော ဈေး၊ စုပေါင်းကားဂိတ်နေရာများတွင် လည်းကောင်း ကြော်ငြာကပ်ထားရန်။

( ဂ) မြို့နယ်စည်ပင်သာယာရေး ရငွေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူ လေ့လာ ကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးရန် တို့ဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ကျောက်မဲ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ရဲ့ **"ရှမ်းပြည်နယ် စည်ပင်**

**သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာ** မှုဆိုင်ရာ” အဆိုနှင့်စပ်လျဉ်း၍ လေးလေးနက်နက် ထောက်ခံ အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးစိုင်းထွန်းဉာဏ် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။

အဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်သဘောတူကြောင်း ကြေညာပါတယ်။

ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းထွန်းဉာဏ်က တင်သွင်းတဲ့အဆိုကို ၂၀၁၈ခုနှစ်၊ မတ်လ ၃၀ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် န၀မပုံမှန်အစည်းအဝေး စတုတ္ထနေ့
(၃၀. ၃. ၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်စည်ပင် သာယာရေးလုပ်ငန်းစဉ်များရငွေ/သုံးငွေပွင့်လင်းမြင်သာမှုဆိုင်ရာ”** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးဖို့စာရင်းပေးထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပြီး တော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် ၏ **“ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/ သုံးငွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ”** အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည့် နိုင်ငံ တစ်နိုင်ငံသည် ပွင့်လင်းမြင်သာမှုရှိဖို့လိုအပ်ပါတယ်။ ပွင့်လင်း မြင်သာမှုရှိမှသာ ယုံကြည်မှုရှိလာပြီး ယုံကြည်မှုရှိမှလည်း လုပ်ငန်းအောင်မြင်မှု တွေ့ရလာနိုင်ပါတယ်။ အစိုးရနှင့် ပြည်သူ ပူးပေါင်းပါမှ အင်အားတွေဖြစ်ပေါ်လာပြီး နိုင်ငံတည်ဆောက်ရာမှာ မိမိတို့ လျှောက်လှမ်းချင်သော ပန်းတိုင်ကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ နိုင်ငံတည်ဆောက်ရာမှာလည်း ပွင့်လင်းမြင်သာမှုကို အခြေခံပြီး အစိုးရနှင့် ပြည်သူများ ပူးပေါင်းလာလျှင် ကျွန်တော်တို့

လျှောက်လှမ်းချင်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဟာလည်း မဝေးတော့ဘူးလို့ယူဆပါတယ်။ ပွင့်လင်းမြင်သာမှုဆိုတာလည်း ရပ်/ရွာ မြို့နယ်ကနေ အခြေခံပြီး ရပ်/ရွာက ပြည်သူကို ချပြနိုင်ပြီး ၎င်းတို့၏ အကြံထောက်ပြဝေဖန်မှု၊ ပူးပေါင်းပါဝင်မှုကို ရယူနိုင်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်မှုရရှိနိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးဌာန၏ ရသုံးမှန်းခြေငွေသည် အခြားအစိုးရဌာနများနှင့် တူညီမှုမရှိဘဲမြို့နယ်ရှိ အခွန်ထမ်းပြည်သူထံမှ တိုက်ရိုက်ကောက်ခံပြီး ၎င်းမြို့နယ်မှာပဲ ပြန်သုံးတဲ့ဌာနဖြစ်ပါတယ်။ အဲဒီလို ဌာနမျိုးက ပိုပြီးတော့တောင် ပွင့်လင်း မြင်သာမှု ရှိဖို့လိုအပ်ပါတယ်။ မြို့နယ်ကလူတွေကလည်း မိမိတို့ မြို့နယ်က အခွန်အခ ဘယ်လောက်ကောက်ခံရရှိပြီး ဘယ်လို လုပ်ငန်းမှာ ဘယ်လိုသုံးသွားတယ်ဆိုတာ သိချင်တာ အမှန်ပါပဲ ။ကျွန်တော်တို့ မြို့နယ်မှာဆိုလျှင် ပြည်သူတွေက စည်ပင်က ဘယ်လောက် ကောက်ခံရရှိလို့ ဘာတွေသုံးနေလဲဆိုပြီး ကျွန်တော် တို့လည်း မကြာခဏ အမေးခံနေရပါတယ်။ အဆိုရှင် တင်သွင်းသလို ရငွေ/သုံးငွေ စာရင်း ဇယားတွေသာ အများပြည်သူ စုရုံးသော ဌာနများ၊ နေရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးရုံးများ၌သာ ကြော်ငြာကပ်ပေးနိုင်ပါက ရပ်ကွက်နေပြည်သူများက လာရောက်ကြည့်ရှုနိုင်ပြီး မိမိမြို့နယ်၏ ရငွေအခြေအနေ၊ သုံးငွေနှင့် လုပ်ငန်းလုပ်ကိုင်မှု အခြေအနေကို သိရှိပြီး အစိုးရအပေါ် မှာလည်း ယုံကြည်မှု ပိုရှိလာနိုင်ပါတယ်။ လုပ်ငန်း၌ အမှန်တကယ်သုံး တာဖြစ်တဲ့အတွက်ကြောင့် မိမိမြို့ စည်ပင်ဖွံ့ဖြိုးဖို့လည်း အခွန်ရှောင်မှုတွေ ကင်းလာပြီး အခွန်ပိုမိုပေးဆောင်ချင်တဲ့ စိတ်လည်းဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အပြင် ဝန်ထမ်းများ၏ အဂတိလိုက်စားမှုလည်း နည်းပါးသွားပြီးတော့ အခွန်ထမ်းပြည်သူများ၏ ယုံကြည်မှု တွေ ပိုမိုရလာနိုင်ပြီး စည်ပင်လုပ်ငန်းလည်း ပိုမိုအောင်မြင် လာနိုင်ပါတယ်။ထို့ကြောင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ”** အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းတဲ့ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ”**အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ/မြို့နယ်စည်ပင်သာယာရေးဌာနဟူ၍အသီးသီးရှိကြပါတယ်။ စည်ပင်နယ်နိမိတ်အတွင်းရှိ ဈေးဆိုင်များ၊ ပွဲကျဈေးဆိုင်များ၊ ယာဉ်ရပ်နားခွန်၊ဘီးခွန်၊ သားသတ်ခွန်၊ ကူးတို့ဆိပ်ခွန် အသီး သီးရှိကြပါတယ်။ ၎င်းအခွန်အရပ်ရပ်တို့ကို မြို့နယ်စည်ပင်မှ ကောက်ခံရရှိခြင်း ဖြစ်ပါတယ်။ မြို့တစ်မြို့သာယာလှပရေး မြို့နေလူထုစိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေး၊ ကလေးသူငယ်များ ပျော်ရွှင်ရေး အတွက် အဓိကဆောင်ရွက်ရမည့်ဌာနသည် စည်ပင်သာယာရေးဌာနပင်ဖြစ်ပါတယ်။ စည်ပင်သာယာရေးဌာန၏ စွမ်းဆောင်ရည်ကောင်းလေ၊ မြို့ဖွံ့ဖြိုးတိုးတက်သာယာလှပလေ ဖြစ်ပါတယ်။ စည်ပင်သာယာရေးဌာနသည် နာမည်နှင့်လျော်ညီစွာ မြို့စည်ပင်သာယာဝပြောရေး၊ သာယာလှပရေးအတွက် အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပြီး စည်ပင်သာယာရေးဌာနသည် ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရပ်တည်ရတဲ့အတွက် စည်ပင်သာယာ ရန်ပုံငွေရရှိရန် အရေးကြီးလှပါတယ်။ဒါကြောင့် မြို့နေလူထုများ စည်ပင်အခွန်ကို

လိုလိုလားလားပေးဆောင်လိုစိတ်ရှိအောင် စည်းရုံး လုပ်ဆောင်ရသကဲ့သို့ ရရှိလာသည့် ဝင်ငွေများကိုလည်း ပွင့်လင်း မြင်သာစွာဖြင့် လူထုကိုချပြရန်အထူးလိုအပ်ပါတယ်။ လူထုအနေဖြင့် ကောက်ခံရရှိငွေကို မည်သည့်နေရာတွင် သုံးစွဲသည်၊ လူထုအတွက် မည်သို့ဆောင်ရွက်ပေးထားသည်ကို ပါရှိပါမှ စည်ပင်သာယာကို ကူညီရန်၊ အခွန်ဆောင်ရန် စိတ်ဝင်စားလာမှာ ဖြစ်သလို စည်ပင်ကော်မတီနှင့် ပူးပေါင်းလို စိတ်ရှိလာမှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာစွာလူထုနှင့်ပူးပေါင်းခြင်း၊စည်းရုံးခြင်း၊ ဝင်ငွေ/ထွက်ငွေ များကို ချပြရှင်းလင်းခြင်း၊ ရှေ့ဆက် ဆောင်ရွက် မည့် လုပ်ငန်းများ ချပြခြင်းများပြုလုပ်သင့်ပါတယ်။

၂၀၁၇-၂၀၁၈ခုနှစ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေစာရင်းတောင်းဆိုမှု ရှိခဲ့ပါတယ်။ ပေးမည်ဟု ဝန်ခံထား သော်လည်း ယနေ့တိုင်ထိ မရရှိသေးသည်ကို ဝမ်းနည်းစွာ ခံစား မိပါတယ်။ သို့ဖြစ်ပါ၍ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်တင်သွင်းတဲ့**“ရှမ်းပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ”** အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။**လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့ **“ရှမ်းပြည်နယ်စည်ပင်သာယာရေး လုပ်ငန်းစဉ် များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ”** အဆို နှင့်ပတ်သက်ပြီး သုံးသပ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။အဆိုရဲ့ ရည်ရွယ်ချက်ကို လေ့လာကြည့်မည်ဆိုလျှင် ပွင့်လင်းမြင်သာမှုရှိတာနှင့်အညီ အင်မတန်မှကောင်းမွန်တာကို လေ့လာတွေ့ရှိရပါတယ်။အဆိုရဲ့ အဓိက ရည်ရွယ်ချက်သုံးရပ်ဖြစ်တဲ့ အချက်တွေကို သုံးသပ်ရ မည်ဆိုလျှင်-

(က) ရပ်ကွက်အလိုက်ကောက်ခံရရှိသော အခွန်အရပ် ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက် အတွက် ပြန်လည်ဆောင်ရွက်ပေးသောလုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်၊

(ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ် အတွင်း ပြန်လည်းဆောင်ရွက်ပေးသော လုပ်ငန်းအ ရေအတွက် သုံးစွဲငွေပမာဏ တို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သောဈေး၊ စုပေါင်းကားဂိတ်နေရာများတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်၊

(ဂ) မြို့နယ်စည်ပင်သာယာရေး ရငွေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးရန် ၊

ဆိုပြီးပါရှိတာကိုလည်း တွေ့ရှိရပါတယ်။

အဆိုရဲ့ရည်ရွယ်ချက်သုံးရပ်မှာ ပထမဆုံးတစ်ရပ်ကို မဆွေးနွေးခင် ဒုတိယနှင့်တတိယကို ဆွေးနွေးလိုခြင်းမှာ စည်ပင်သာယာရေးဥပဒေအခန်း(၂) ရည်ရွယ်ချက်များမှ -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) အများပြည်သူထံမှအခွန်အခများသည် အများပြည်သူအကျိုးအတွက်သာ ဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့်ဆောင်ရွက်စေရန်၊

အခါကကတော့ ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသမှာ ကောက်ခံရရှိ တဲ့အခွန်ကို ကိုယ်မြို့ ကိုယ့်ဒေသအတွက် သုံးစွဲခြင်းဟာ ပြည့်ပြည့် ဝဝ သုံးစွဲခွင့်ရစေတယ်လို့ သုံးသပ်မိပါတယ်။

နောက်ပြီး စည်ပင်သာယာရေးဥပဒေ အခန်း(၁၄)၊ ဘဏ္ဍာရေးကဏ္ဍတွင် ပုဒ်မ၅၇မှာ -

(က) မြို့နယ်ကော်မတီသည် မြို့နယ် စည်ပင်သာယာ ရေး ဌာနများက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကောက်ခံရရှိသော အခွန်အခ အကောက်များအား ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန် ကြီးကြပ်ရမည်။

( ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင် သာယာရေးဌာနများက သတ်မှတ်လျာထား သော အသုံးစရိတ်အား ပြည်နယ် ဘဏ္ဍာရန်ပုံငွေအရ အသုံးဆိုင်ရာ ဥပဒေအရ တည်ဆဲ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းကို ကြီးကြပ်ရမည်ဟု ပါရှိပါတယ်။ ပုဒ်မ-၆၀မှာ ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်စည်ပင် သာယာရေးဌာန၊ ပြည်နယ် စည်ပင်သာယာရေး ဌာနခွဲများနှင့် မိမိ ဝင်ငွေဖြင့် ရပ်တည်နိုင်ခြင်း မရှိသော မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ အသုံးစရိတ်များကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်ပေးရမည်။

ဒါ့အပြင် အခန်း(၁၆) ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ စာရင်း စစ်ဆေးခြင်းကဏ္ဍ ပုဒ်မ ၆၇ မှာ ညွှန်ကြားရေးမှူး၊ဌာနခွဲတာဝန်ခံ၊ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့သည် မိမိတို့ ထိန်းသိမ်း ထားရှိသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းပြုစုထား ရှိရမည်ဖြစ်ပြီး ၎င်းဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ယင်းလက်အောက်ရှိ စာရင်းစစ်ရုံးများ၊ စာရင်းစစ်အဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်ဟု ပြဋ္ဌာန်းထား တာကိုလည်း တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ ခြုံငုံပြီးသုံးသပ်တင်ပြရမည်ဆိုလျှင် လက်ရှိ (က)ပါအချက်အလက်တွင် ရပ်ကွက်တွင်း ကောက်ခံရရှိသော အခွန်အရပ်ရပ်အပေါ်မှာ ယင်းရပ်ကွက်အတွက်ပြန်လည် သုံးစွဲရမည် ဆိုတဲ့နေရာမှာ ဒီလိုသာသုံးစွဲခဲ့မည်ဆိုလျှင် ရှမ်းပြည်နယ်စည်ပင် သာယာရေးဌာနရဲ့ ဖွဲ့စည်းပုံအရ လားရှိုးဌာန၊ တာချီလိတ်ဌာန၊ ကျိုင်းတုံဌာန၊ တောင်ကြီးဌာနဆိုပြီး စည်ပင်သာယာရေးမှာ ဖွဲ့စည်းထားတာကိုလည်း တွေ့ရှိရတဲ့အတွက် တောင်ကြီးဌာနမှာ ဆိုလျှင် ဌာနခွဲပေါင်း(၃၂)ခုရှိပြီးတော့ မိမိကိုယ်ပိုင်ရပ်တည်ငွေနှင့် ရပ်တည်နိုင်သော ဌာနခွဲမှာ(၁၂)ဌာနရှိပြီး၊ ကျန်သောဌာနခွဲ များမှာ သာမန်နှင့်ငွေလုံး တန်းတူညီမျှရှိတာကို လေ့လာတွေ့ရှိရမှာဖြစ် ပါတယ်။ ဌာနခွဲ(လားရှိုး)အနေဖြင့် ဌာနခွဲအားလုံးပေါင်း (၃၀) ရှိသော်လည်း ဌာနခွဲ(၁၃) ယ်ရဲ့အခွန် အကောက်နဲ့ သုံးစွဲနိုင်တာကိုလည်း တွေ့ရှိရပြီး၊ ကျိုင်းတုံဌာနခွဲ အနေနဲ့ ဌာနခွဲပေါင်း(၁၈)ခုရှိပြီး (၄)မြို့နယ်သာ ကိုယ်တိုင် ရပ်တည်နိုင်တာ တွေ့ရှိရပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်(ခ)နှင့် (ဂ)မှာ အင်မတန်မှ ကောင်းမွန်သင့်လျော်သက်ရောက်ပြီး (က)မှာ ဒေသတစ်ခုရဲ့ ကောက်ခံငွေတိုင်းကိုဒေသက ပြန်လည်သုံးစွဲသွား မည်ဆိုပါက ကျွန်တော်တို့ကလောမြို့နယ်လို ဝင်ငွေခွန်များများ ရသောမြို့နယ် အတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြစ်သလို ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း ဝင်ငွေခွန်များများ မရနိုင်သေး တဲ့မြို့နယ်တွေကို ပြန်ကြည့်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ဥပမာ-မနေ့က အဆိုရှင် ဆွေးနွေးသွားတဲ့အထဲမှာ ရပ်ကွက်တစ်ခုမှာ သိန်းတစ်ရာကောက်ခံ ရရှိသည်ဆိုပါက ဌာနဝန်ထမ်းတွေရဲ့ အသုံးစရိတ်က (၃၀%)ထက် မပိုဟု ပြဋ္ဌာန်းထားတာနဲ့အညီ ကျန်သော (၇၀%)ကိုထိရောက် သော လုပ်ငန်းများ တွင်သုံးစွဲဖို့ ဆိုလိုတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရှမ်းပြည်နယ်အတွင်းရှိသော (၅၅)မြို့နယ်မှာ (၄၈)မြို့နယ်မှာ ပုံမှန်အတိုင်း ရပ်တည်နိုင်ပြီး ဝင်ငွေခွန်လုံးဝမရသေးတဲ့ မြို့နယ် အနေနဲ့လည်းကောင်း၊ ဝင်ငွေခွန် နည်းပါးသောမြို့နယ်များ ကိုလည်း ပြန်ပြီးတော့ ကြည့်ပေးဖို့ လိုအပ်ပါတယ်။ ဥပဒေရဲ့ ရည်ရွယ်ချက်မှာ ကျေးလက်၊ မြို့ ရွာများ ဖွံ့ဖြိုးတိုးတက်ရေး လို့ပါရှိပြီး အခွန်အခ မရသည့် မြို့နယ်များကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေနှင့် ခွဲဝေသုံးစွဲရမယ်လို့ ပါရှိပါတယ်။

သာဓကတစ်ခုအနေနဲ့ တောင်ကြီးမြို့နယ်မှာဆိုရင် ဝင်ငွေလျာထားချက်အနေဖြင့် ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင့် နှစ်ရာ့ငါးဆယ်ဖြစ်ပြီး၊ သာမန်အသုံးစရိတ်ငွေမှာ ကျပ်သိန်းပေါင်း ငါးထောင်၊ ငွေလုံးငွေရင်းမှာ ကျပ်သိန်းပေါင်းတစ်သောင်း ခြောက်ရာလေးဆယ့် နှစ်သိန်း၊ ပိုလျှံငွေ ကျပ်သိန်းပေါင်း လေးထောင်ကိုးရာ လေးဆယ်နှစ်သိန်းလို့ ဆိုလိုလို့ရပါတယ်။ ဒီလိုသာဆိုရင် တောင်ကြီးမြို့နယ် အတွက် ပိုပြီးတော့ဖိဖိစီးစီး သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အခြားမြို့နယ်မှ အခွန်အခနဲ့ ရငွေသုံးငွေ လုံးဝမရှိသေးသည့် မြို့နယ်များအတွက် ပြည်နယ်ရန်ပုံငွေကို စိစစ်သွားတာဖြစ်သည့်အတွက် အခွန်အခ လုံးဝကောက်မရတဲ့ နေရာတွေနဲ့ နည်းပါးတဲ့နေရာတွေမှာ ပြည်နယ် ဘဏ္ဍာငွေကိုခွဲဝေ သုံးစွဲရတာဖြစ်သည့်အတွက် သက်ဆိုင်ရာ ရပ်ကွက်အလိုက် ကောက်ခံရရှိတဲ့ ငွေပမာဏ အတိုင်းသာ သုံးစွဲ မည်ဆိုပါက အခွန်အခ လုံးဝကောက်မရတဲ့ နေရာတွေနဲ့ နည်းပါး တဲ့နေရာတွေမှာ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေနဲ့ ဆောင်ရွက်ရာတွင် နည်းနည်း အခက်အခဲ ရှိနိုင်မယ်လို့ မြင်မိပါတယ်။ မနေ့က သာဓကတစ်ခုအနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးညီလေးချမ်း အနေနဲ့ မိလ္လာကားဝယ်ယူဖို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းပါတယ်။ ပင်းတယမြို့နယ်ရဲ့ဝင်ငွေ လျာထားချက်မှာ ကျပ်သိန်းပေါင်းခုနှစ်ရာ နှစ်ဆယ်ဖြစ်ပြီး၊ သာမန်အသုံးစရိတ်မှာ ကျပ် သုံးရာခုနှစ်ဆယ့် နှစ်သိန်း၊ ငွေလုံး ကျပ်နှစ်ရာခုနှစ်ဆယ့် ခြောက်သိန်းကို ကြည့်မယ်ဆိုလျှင် သာမန်အသုံးစရိတ်က ငွေလုံး ငွေရင်းအသုံး စရိတ်ထက် ပိုမိုသုံးစွဲထားသည်ကို လေ့လာ တွေ့ရှိရပြီး၊ ဒီလိုလိုအပ်ချက်များကို အခြားမြို့နယ်များတွင်လည်း ရှမ်းပြည်နယ် အစိုးရခွင့်ပြုချက်နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ယခင်နှစ်များမှာလည်း ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ မိုင်းဖြတ်မြို့နယ် တို့မှာလိုအပ်သော လုပ်ငန်းသုံးစက်ကိရိယာများ ကိုလည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဖြည်းဆည်း ဆောင်ရွက်ပေးတယ်လို့ ထင်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစိုင်းထွန်းဉာဏ်တင်ပြသော အဆိုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်စည်ပင် သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှုအဆိုနှင့် ပတ်သက်ပြီး သုံးသပ်အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအားမဲက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးအားမဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်ရဲ့အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွား မှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေး လုပ်ငန်းများ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ အဆိုနှင့် ပတ်သက်ပြီး

(က) ရပ်ကွက်အလိုက်ကောက်ခံရရှိသော အခွန်အရပ် ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက် အတွက် ပြန်လည်ဆောင်ရွက်ပေးသောလုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်၊

( ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ်အတွင်း ပြန်လည်ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက် သုံးစွဲငွေပမာဏ တို့ကို စည်ပင် သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ဈေး၊စုပေါင်းကားဂိတ်နေရာများတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်၊

( ဂ) မြို့နယ်စည်ပင်သာယာရေး ရငွေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်နှင့် ပတ်သက် ပြီးတင်ပြ ဆွေးနွေးလိုပါတယ်။

အချက်(က)နှင့်စပ်လျဉ်း၍ စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေ/သုံးငွေ၊ ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်များအလိုက် ကျွန်တော်တို့ မြို့နယ်မှာလည်း ကိုယ်စားလှယ်များကို သိရှိအကြံပြုဆွေးနွေးလို့ရန် အလို့ငှာ ဝေငှထားပြီးလည်းဖြစ်ပါတယ်။

ဒါကြောင့် အချက်(ခ)နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်သာယာရဲ့ အခွန်အရပ်ရပ်နှင့် သုံးစွဲငွေ ပမာဏကိုလည်း လေ့လာသိရှိနိုင်ပြီး ဖြစ်ပါတယ်။

အချက်(ဂ)တွင် မြို့နယ် စည်ပင်သာယာရေး ရငွေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူများ သိရှိ လေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်နှင့်ပတ်သက်၍ အချက်(ခ) မှာလည်း စည်ပင်သာယာရေးရုံးရှေ့တွင် လည်းကောင်း၊ အများ ပြည်သူနှင့်သက်ဆိုင်သောဈေး၊ စုပေါင်းဂိတ်များတွင် လည်းကောင်း ကြော်ငြာကပ်ထားရန်ဆိုတဲ့အချက်နှင့် ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးလိုပါတယ်။ စည်ပင်သာယာရေးအဖွဲ့များဟာ မိမိမြို့နယ်ရဲ့ ဝင်ငွေအပေါ်မှာမူတည်ပြီး အသုံးစရိတ်များ သုံးစွဲကြတာ တွေ့ရှိရ ပါတယ်။ ဝင်ငွေရဲ့ (၃၀%)ထက် မကျော်လွန်ဘဲ ဝန်ထမ်းလစာကို ရေးဆွဲရပြီး ငွေလုံးအသုံးစရိတ် (၅၀%) ဝန်းကျင် လျာထားရေးဆွဲရ တယ်ဆိုတာကိုလည်း လေ့လာသိရှိရပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ ရှမ်းအရှေ့မှာ ခရိုင်(၄)ခု ရှိပြီး စည်ပင်သာယာရေး ဌာန အနေနဲ့ ပြည်နယ်ခွဲ၊ မြို့နယ်၊ မြို့နယ်ခွဲ စုစုပေါင်း(၁၈)ခုရှိရာ မိမိမြို့ဝင်ငွေနဲ့ ရပ်တည်နိုင်တာ (၈)မြို့နယ်ပဲရှိပါတယ်။ ကျန်တဲ့ (၁၀)မြို့နယ်ဟာ မိမိတို့မြို့ဝင်ငွေပေါ်မှာ ရပ်တည် နိုင်တာမတွေ့ရ ပါဘူး။ ဥပမာအနေနဲ့ ဌာနခွဲ၊ မိုင်းခတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မက်မန်း၊ ကျိုင်းလပ်၊ မုံးထ၊ မိုင်းခုတ်၊ မိုင်းယု၊ ပုံပါကျင်စတဲ့ မြို့နယ်များဖြစ်ပါ တယ်ခင်ဗျား။ အဲဒါကြောင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ရဲ့ အဆိုဟာ ပြည်သူများ သိရှိလေ့လာနိုင်ရန် ဆိုတာ သင့်မြတ်ပေမယ့် မြို့လူထုရဲ့ ဝင်ငွေနဲ့ ရပ်တည်ရတဲ့ စည်ပင်သာယာရေး အဖွဲ့အများစုဟာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေမှာဖြစ်မယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဝင်ငွေများတဲ့ မြို့ကြီးများမှာ မသိသာနိုင်ပေမယ့် ခုနက ကျွန်တော်တင်ပြခဲ့သလို ဝင်ငွေ နည်းတဲ့ မြို့နယ်/မြို့နယ်ခွဲများမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်ပါတယ်။ တစ်နည်းအားဖြင့် မြို့နယ်အသီးသီးတွင် နယ်မြေခံ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထု များတွေ့ဆုံပြီး ချပြရှင်းလင်းရင် ပိုမိုသင့်တော်ပါကြောင်း ဆွေးနွေးလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ထောက်ခံ ဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက သုံးသပ်တင်ပြ ထားတာ ကိုတွေ့ရှိရပါတယ်။ ယခုအဆိုနှင့် စပ်လျဉ်းပြီး ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စည်ပင် သာယာရေးဝန်ကြီး၊ ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ စည်ပင်သာယာရေးရငွေ/သုံးငွေနှင့်ပတ်သက်ပြီး

(က) ရပ်ကွက်အလိုက်ကောက်ခံရရှိသော အခွန်အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက် ပြန်လည်ဆောင်ရွက်ပေးသောလုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်၊

( ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ် အတွင်း ပြန်လည် ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက် သုံးစွဲငွေပမာဏတို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သောဈေး၊ စုပေါင်းကားဂိတ်နေရာများတွင် လည်းကောင်း ကြော်ငြာကပ်ထားရန်၊

( ဂ) မြို့နယ်စည်ပင်သာယာရေး ရငွေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင်ဆောင်ရွက်ပေးရန်

နှင့်ပတ်သက်ပြီး အောက်ပါအတိုင်းတင်ပြ လိုပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးဌာနများအနေဖြင့် နှစ်စဉ်ဘဏ္ဍာရေးနှစ် အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် ရသုံးခန့်မှန်း ခြေငွေစာရင်းဦးစီး ဌာန၏ ညွှန်ကြားချက်နှင့်အညီ ရငွေ(အခွန်နှင့် သာမန်ရငွေ) များအား သက်ဆိုင်ရာ မြို့နယ်အလိုက် ကောက်ခံရ ရှိနိုင်မည့် အခွန်ရငွေများကို လျာထားရေးဆွဲပြီး အသုံးစရိတ် များအား ဌာန၏ လိုအပ်ချက်များ အပေါ် မူတည်၍ သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များကို အခြေခံ၍ သက်ဆိုင်ရာမြို့နယ်၏ ရငွေအပေါ် မူတည်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ စိစစ်ချက်ဖြင့် ဘတ်ဂျက်(ရငွေ /သုံးငွေ)အား စိစစ်လျာထားရေးဆွဲကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါတယ်။

နှစ်စဉ်ကောက်ခံရရှိသော ရငွေ (အခွန်နှင့်သာမန်ရငွေ)နှင့် အသုံးစရိတ်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးများတွင် အသေးစိတ်ကြော်ငြာကပ်ထားခြင်း၊ မြို့နယ် အသီးသီးရှိ စည်ပင် သာယာရေးရုံးများ အရှေ့တွင် လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သောဈေး၊ စုပေါင်းကားဂိတ်နေရာများတွင်လည်း ကောင်း ကြော်ငြာကပ်ထားရန်နှင့် Online Page များဖွင့်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးဌာနမှ ကောက်ခံရရှိသော စားသောက်ဆိုင်လိုင်စင်နှုန်းထားများ၊ ဘီးခွန် နှုန်းထားများ၊ ဈေးကောက်နှုန်းထားများ၊ အဆောက်အဦ စစ်ဆေးခ၊ ကြီးကြပ်ခနှုန်းထားများ ကောက်ခံရမည့်လုပ်ငန်းစာရင်းများ အစရှိသည်တို့ကို အများပြည်သူ သိရှိနိုင်စေရန်အတွက် လည်းကောင်း၊ သတ်မှတ်နှုန်းထား ထက်ပိုကောက်ခံခြင်းမပြုပါ ကြောင်း ဝန်ထမ်းများ ဖောက်ဖျက်ပါက တိုင်တန်းနိုင်ပါကြောင်းကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးများတွင် လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး နေရာများတွင်လည်းကောင်း အများပြည်သူများ သိရှိနိုင်ရေး စာဖြင့်ရေးသားကြော်ငြာ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ ဤကိစ္စနှင့် ပတ်သက်၍ အများပြည်သူများကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် နည်းလမ်းများ ထပ်မံရှာဖွေပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ ယခု ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုကို မှတ်တမ်း တင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုသက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က မှတ်တမ်းတင်သင့်ကြောင်း သုံးသပ် တင်ပြသွားတာရှိပါတယ်။ အဲ့ဒါကြောင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(စ)နှင့်(ဆ)အရ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ လွှတ်တော် ကိုယ်စားလှယ် များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါ စေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနဲ့ပတ်သက် ပြီးတော့ ဆွေးနွေးပေးတဲ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမြင် သဘောထားဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို အမြင်သဘောထား အချိန်အနည်းငယ်ယူပြီး ပြောပြချင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။အဆိုရဲ့ ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီး ဌာနတစ်ခုအနေနဲ့ ရငွေ/ သုံးငွေ ကို ပွင့်လင်းမြင်သာစွာချပြပေးဖို့ပဲဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းတဲ့ အဓိကသုံးချက်ဖြစ်တဲ့ ရပ်ကွက် အလိုက် ကောက်ခံ ရရှိသော အခွန်အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက် အတွက် ပြန်လည် ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေ ပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်ဆိုတာ ဌာနအတွက်ခက်ခဲတဲ့ အရာလည်း မဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဆွေးနွေးသလိုပဲ အခက်အခဲရှိနိုင်ပါတယ်။ ကျောက်မဲမြို့နယ်နဲ့ ထောက်ပြချင်တာတော့ ၂၀၁၇-၂၀၁၈ လျာထားသော စည်ပင် ဘဏ္ဍာရေး ဘတ်ဂျက်မှာဆိုရင် အဓိက အချက်လေးချက်ဖြစ်သည့် အဆောက်အဦ၊ လမ်းမှရတဲ့ငွေက (၈၆. ၃၃၄)သန်း လျာထားပြီး အားလုံးပါဝင်မှု အချိုးရဲ့ (၁၆. ၁၃)ပဲပါပါတယ်။ ရပ်ကွက်တစ်ခု ချင်းစီကရတဲ့ အိမ်ခွန်တို့ ဆိုတာက ဘာမှမပြောပလောက်ပါဘူး။အဲ့ဒါကို ထောက်ပြချင်တာပါ။ရပ်ကွက်တစ်ခု၊မြို့နယ်တစ်ခုချင်းစီရဲ့ အဓိကဝင်ငွေက နံပါတ်(၃)ဖြစ်တဲ့ ပစ္စည်းများရောင်းရငွေနှင့် ဆောင်ရွက်ပေးမှုရငွေကသာ အဓိကကျပါတယ် ။အဲ့ဒါက ဘာတွေ ပါသလဲဆိုတော့ လေလံအိမ်စစ်ဆေးခ၊ လိုင်စင်ထုတ်ပေး ခြင်း၊ နေ့စဥ်သား သတ်ရတဲ့ ငွေဖြစ်ပါတယ်။ အဲ့ဒါက အချိုးပါဝင်မှု ရာခိုင်နှုန်းအနေနဲ့ (၈၂. ၀၀)ပါပါတယ်။ဆိုလိုရင်းကတော့ ရပ်ကွက် အလိုက်ရတဲ့ငွေက ဘာမှမပြောပလောက်ပါဘူး။တစ်မြို့နယ်လုံးနဲ့ ခြုံပြီးရတဲ့ငွေနဲ့ဆိုရင်ရာခိုင်နှုန်း(၈၀) ကျော်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အခြားမြို့နယ်တွင်လည်း ကျောက်မဲမြို့နယ်နဲ့ကွဲလွဲမှု မရှိလောက်ဘူးလို့ ရှုမြင်သုံးသပ်ပါတယ်။အဓိကထောက်ပြချင်တာ က ဦးသန်းထိုက်ဆွေးနွေးသွားတဲ့ နံပါတ်(က)နဲ့ ပတ်သက်ပြီး ထောက်ပြသွားခြင်းပဲ ဖြစ်ပါတယ်။ ရပ်ကွက်အလိုက် ကောက်ခံ ရရှိသော အခွန် အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက် ပြန်လည် ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေ ပမာဏ အခြေအနေ များကိုပဲ အသေးစိတ်ကြော်ငြာ ကပ်ထားစေ လိုခြင်း ဖြစ်ပါတယ်။ ကောက်ခံရရှိတဲ့ငွေကို ရသလောက်ပြန်သုံး ပေးရမယ်လို့ အဆိုတင်သွင်းထားခြင်း မဟုတ်ပါဘူး။ တစ်ရာရတဲ့ ငွေကို (၃၀)ရာခိုင်နှုန်းပဲသုံးသုံး၊ (၄၀) ရာခိုင်နှုန်းပဲသုံးသုံး ပွင့်လင်းမြင်သာမှုကို အဓိကလိုချင်တာ ဖြစ်ပါတယ်။ ရှုမြင်တဲ့ အနေအထားကွဲလွဲနေတာကို ထောက်ပြလိုတာဖြစ်ပါတယ်။သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံ ရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ်အတွင်း ပြန်လည်ဆောင်ရွက် ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏ တို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများ ပြည်သူ နှင့် သက်ဆိုင်သောဈေး စုပေါင်းကားဂိတ် နေရာများတွင် လည်းကောင်း ကြော်ငြာကပ်ထားရန် ဆိုတာလည်း ပွင့်လင်းမြင်သာမှုကို အဓိက ထားပြောချင် တာဖြစ်ပါတယ်။ မြို့နယ်မှာကောက်ခံရရှိတဲ့ စည်ပင် ငွေရဲ့ ရာခိုင်နှုန်းမည်မျှပြန်သုံးရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ ဦးအားမဲ ဆွေးနွေးသွားသလို မြို့နယ်ငယ်များအတွက် အခက်အခဲရှိနိုင်တယ် ဆိုတာ ကျွန်တော် နားလည်ပါတယ်။ သေးငယ်သောမြို့နယ်များကို ပြန်လည်ခွဲဝေသုံးစွဲတာကို မကန့်ကွက်ပါဘူး။ ယခင်အတိုင်းခွဲဝေလို့ ရပါတယ်။ ဒီအဆိုဟာလည်းပဲ ခွဲဝေခွင့်ပြုထားပါတယ်။ တားမြစ် ထားခြင်းမရှိပါဘူး။ ဒါကြောင့် မြို့နယ်ငယ်တွေကလည်း မြို့ကြီးနဲ့ အတူ ယခင်အစိုးရ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့တဲ့ အတိုင်း ဆက်လက် ဆောင်ရွက်ထောက်ပံ့ပေးလို့ရပါတယ်။ အဓိက ကတော့ ရငွေ/သုံးငွေကို အဂတိတရား ကင်းရှင်းစွာနဲ့ ပြည်သူ လူထုကိုချပြဖို့ပဲဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ဒါကြောင့် မို့လို့ အစိုးရခေတ်အဆက်ဆက်မှ ပွင့်လင်းမြင်သာသောအစိုးရ၊ ကောင်းမွန်သောအစိုးရဆိုတာ အပြောလွယ်သလောက် လုပ်ကိုင်တဲ့ နေရာမှာအများကြီး အခက်အခဲရှိနေတာကို ကျွန်တော့်အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးနေတဲ့ အနေအထား ကိုကြည့်ခြင်းဖြင့် သုံးသပ်ရပါတယ်။ဒီလိုမျိုးခက်ခဲတဲ့ အနေအထား များကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံများက တွေ့ကြုံခဲ့ဖူး ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားကနေ ပွင့်လင်း မြင်သာတဲ့ အနေအထားကို သွားဖို့ဆိုတာ အစိုးရအဖွဲ့ဝင်များ အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ရှေ့ဆက် သွားဖို့ စမ်းသပ်တဲ့အဆိုတစ်ခုပဲဖြစ်ပါတယ်။နောက်ဆုံးအနေနဲ့ အစိုးရဌာနတစ်ခုအနေနဲ့ အခက်အခဲရှိနေတာကို ကျွန်တော် လက်ခံပါတယ်။ အမှန်လည်းဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တို့ လိုက်လုပ်ဖို့ခက်ခဲတဲ့အရာလည်း မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ကင်ဆာလိုဖြစ်နေတဲ့အရာတစ်ခုကို ဒီအတိုင်းဘဲ ဆက်ထိုင်ပြီးတော့ ကြည့်သွားမလား၊ အားလုံးလက်တွဲပြီး ဆောင်ရွက်မလားဆိုတာ ပွင့်လင်းမြင်သာမှုရှိအောင် ဆန္ဒပြုမှုကိုခံယူလိုပါကြောင်း ထပ်ဆင့် ရှင်းလင်းပြီး နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင် သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က အဆိုကိုအတည်ပြုပေး ရန် လွှတ်တော်ရဲ့ဆန္ဒခံယူလိုပါကြောင်း တင်ပြလာတဲ့ အတွက် ယခုအဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ဆန္ဒအရ လွှတ်တော်ရဲ့ ဆန္ဒခံယူမှာ ဖြစ်ပါတယ်။ ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၇(က) အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ယခု အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာတွင် မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

အားလုံးထိုင်နိုင်ပါပြီ။ ဆက်လက်ပြီးတော့ ကြားနေ မတ်တပ်ရပ်၍ဆန္ဒပြုစေလိုပါတယ်။ မတ်တပ်ရပ်၍ ဆန္ဒပြုသော နည်းလမ်းဖြင့်ဆန္ဒယူတဲ့အခါမှာ အဆိုကိုအတည်ပြုရန် ထောက်ခံ တဲ့ဦးရေ(၄၃)ဦး၊ ကန့်ကွက်လူဦးရေ(၇၄)ဦးနှင့် ကြားနေမရှိပါ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အဆိုကို အတည်ပြုရန် ကန့်ကွက်သည့် ကိုယ်စားလှယ် ဦးရေသည်များ သဖြင့် ဦးစိုင်းထွန်းညဏ် တင်သွင်းသည့် အဆိုကို ပြည်နယ်အဖွဲ့အစည်းဝင်မှ တင်ပြသည့် အတိုင်း မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။